ဇွန် (၆)

## မိမိတို့၏ဝိညာဉ်များက ကူးခတ်တတ်သည်။

တစ်ခါတစ်ရံ စကားလေးတစ်ခွန်း သို့မဟုတ် အပြုံးလေးတစ်ချက်က ကြီးမားသော ကွာခြားမှုများကိုဖြစ်စေရာ မိမိတို့မည်သို့ကြည့်ခြင်း ပြောဆိုထင်မြင်ယူဆချက်များအပေါ် ဖြစ်သည်။ ယင်းက ရှင်းလန်းနှစ်သက်စရာ အောင်နိုင်တက်ကြွဟန်မရှိလျှင် ယင်းက ထိုသူတို့အား မိမိတို့နှင့်အတူ ဆွဲချသွားလိမ့်မည်ဖြစ်သည်။ အခြားသူတို့ကို မိမိတို့ စိတ်ဓါတ်ကူးစက်သွားပြီး မိမိတို့အပြုအမူ သဘောထားတို့၏ လွှမ်းမိုးမှုကို ပါခံရတော့သည်။ ဤအတွက်ကြောင့် မိမိတို့သည် အကျိုးဖြစ်ထွန်းမှုပေါ်၌သာ ရှင်သန်နေထိုင်ပြီး အနုတ်လက္ခဏာပြသည့် အကျိုးမဲ့သောအမြင်အတွေးများပေါ် အခြေမပြုမိဖို့ အလွန်အရေးကြီးသည်။ "ကောင်းကင်သီတင်းတပါးပါးနှင့်ဆိုင် သောအကျင့်တို့ကိုဂရုစိုက်ကြလော့" (ဖိလိပ္ပိ ၄း၈) ဟုသမ္မာကျမ်းစာက သွန်သင်သည်။ အားပေးနှစ်သိမ့်မှု၊ ချစ်ခြင်းနှင့် ပျော်ရွှင်တက်ကြွခြင်းတို့ဖြင့် ပြည့်ဝလျက်ရှိစေပါ။ ချစ်ခြင်းမေတ္တာက ချစ်ခြင်းမေတ္တာကို ပေါက်ဖွားစေသည်။ မိမိတို့သည် ငြိမ်သက်ခြင်း၊ ယုံကြည်ကိုးစားခြင်း၊ စိတ်ရှည်ခြင်း၊ စိတ်အေးချမ်းသာယာမှုရှိခြင်း၊ ယုံကြည်ခြင်း အစရှိသည့်တို့ဖြင့် ပြည့်ဝလျက်ရှိနေပါက ဤသည်က အခြားသူတို့ ပြန်လည်တုန့်ပြန်ကြမည့် နည်းလမ်းပင်ဖြစ်သည်။ စစ်မှန်သော ချစ်ခြင်းမေတ္တာက အလွန်ခရီးပေါက်ပါသည်။

လူမှန်လျှင် တစ်ယောက်တည်း နေထိုင်အသက်ရှင်၍မဖြစ်။ လူတိုင်းတွင် လွှမ်းမိုးမှုရှိရာ ချစ်ခြင်းမေတ္တာ၌ လျှောက်လှမ်းအသက်ရှင်သည့်သူတစ်ဦးက အခြားသူများကိုလည်း ထိုနည်းအတိုင်းပြုရန် အားပေးလိမ့်မည်။ သင်သည် ချစ်ခြင်းမေတ္တာကိုပြသလျှင် အခြားသူများက အလားတူစိတ်မျိုးကို ရရှိကြပေလိမ့်မည်။ ယင်းက အလွန်ကူးစက်လွယ်ပြီး ခရစ်တော်၏ ချစ်ခြင်းမေတ္တာ လုပ်ဆောင်မှုပင်ဖြစ်သည်။ ယင်းက နှလုံးသားတစ်ခုမှတစ်ခုဆီသို့ ပျံ့နှံ့သွားသည်။

မိမိတို့သည် မောရှေကဲ့သို့ ဘုရားသခင်နှင့် အသက်ရှင်မှုအား အလုံအလောက်ပြုခဲ့ပါလျှင် ဘုရားသခင်နှင့်ဆိုင်သော အရာတစ်စွန်းတစ်စက မိမိတို့အပေါ်ကျလာပြီး မိမိတို့သည် ပျော်ရွှင်ဝမ်းမြောက်ခြင်းရှိလျက် မိမိတို့၏မျက်နှာသည်လည်း ဝမ်းမြောက်ခြင်းနှင့် ဘုရားရှင်၏ ဝိညာဉ်တော်တို့ဖြင့် တောက်ပလျက်ရှိနေကြမည် ဖြစ်သည်။ (ထွက် ၃၄း ၂၉-၃၄) (တောလည်ရာကျမ်း ၆း ၂၅-၂၆) ဤသည်က လျှို့ဝှက်ချက်ပင်ဖြစ်သည်။ ချစ်ခြင်းမေတ္တာ အလုံအလောက်နှင့် မိမိတို့ထွန်းလင်းတောက်ပကြမည်ဆိုလျှင် အခြားသူတို့သည်ထိုမေတ္တာကို ရောင်ပြန်ဟပ်စေလိမ့်မည်။